
ကိုပိုက်
ထူးဆန်းသောနှလုံးသားနှင့်လူ

# ထူးဆန်းသော နှလုံးသားနှင့်လူ

## ကိုပိုက်

*

ဆောင်းရာသီ ဖြစ်သည့်ကြောင့် ပေါင်းလောင်းချောင်းဖျားတွင် ရေ အနည်းငယ်သာ ရှိတော့၏။

ဆင်ပိုင်ကြီး စောစံကြိုင်၏ ဆင်အဖွဲ့တစ်ဖွဲ့သည် ထိုပေါင်းလောင်းချောင်း ဖျား နံဘေးတွင်ရှိ၏။ စုစုပေါင်း ဆင်(၆)ကောင်အဖွဲ့ ဖြစ်သည်။ ထို ဆင် အဖွဲ့၏ ဦးစီးဦးဆောင် ဆင်ခေါင်းကြီးသည် ကိုခင်မောင်မြင့် ဖြစ်သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အမဲပစ်ရန်အလို့ငှာ ဆင်ခေါင်းကြီး ကို ခင်မောင်မြင့်ထံ ရောက်နေကြ၏။

ကျွန်တော်တို့နှင့်အတူ "ဦးသင်းကြိုင်" ဆိုသော မိတ်ဆွေတစ်ယောက် ပါလာချေ၏။

"ကိုပိုက် ... အမဲပစ်သွားလျှင် ခေါ်စမ်းပါဗျာ၊ ကြုံဖူးတယ်ရှိအောင် လိုက် ချင်လို့ပါ" ဆိုခဲ့ဖူးခြင်းကြောင့် ပျဉ်းမနားတွင် တကူးတက ဝင်ခေါ်ခဲ့ခြင်း ဖြစ်တော့၏။ ကျွန်တော်တို့က ဦးသင်းကြိုင်ရယ်လို့ ခေါ်ကြသော်ငြား အမှန် တကယ်တော့ ဦးသင်းကြိုင်သည် အသက်အားဖြင့် ကျွန်တော်တို့နှင့် မတိမ်း မယိမ်းသာ ရှိပေ၏။ အိမ်ထောင်မရှိ လူပျိုကြီးဖြစ်သည်။

ကျွန်တော်တို့နှင့် ပတ်သက်၍ သူသည် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့် နှင့် တရင်းတနှီး ဖြစ်သွားကြသည်။

ငယ်ပေါင်းတွေအလား ထင်မှတ်ရပေ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း ဆင်ခေါင်းကြီးအိမ်တွင် လေးငါး ရက်ခန့် ရှိကြပေ၏။ ဆင်ခေါင်းကြီးတဲတွင်သာ စတည်းချပြီး အမဲထွက် လည်ကြခြင်း ဖြစ်၏။

သားကောင်ပေါသည်ကြောင့် ဆင်စခန်းနှင့် သိပ်ဝေးဝေးလံလံ မသွားရ ချေ။

ဂျီ၊ ဆတ်၊ ဒရယ်၊ မျောက် တို့ကိုသာ ပစ်ခတ်လိုကြခြင်းကြောင့် ဖြစ်၏။

အိမ်ဆင်များ ရှိနေခြင်းကြောင့် သားရဲကောင်များတော့ မရှိကြချေ။

ဆင်ခေါင်းကြီးတို့ စခန်းတွင် အိမ်ထောင်စု သုံးစုပါ၏။ ဆင်ဦးစီး၊ မောင် စိုး၊ နိုင်မောင်နှင့် ခုရှီးတို့သည် လူငယ်လူပျို လူလွတ်လေးများ ဖြစ်ကြသည်။

သို့ပေမယ့် တစ်ယောက် တဲတစ်လုံး ထိုးကာ လွတ်လွတ်လပ်လပ် နေထိုင် ချက်ပြုတ်စားကြ၏။

ဆိုခဲ့သလို ဆင်ဦးစီး စောလယ်ဝါး၊ စောဒေးဗစ်နှင့် စောအေးဖိုးတို့သည် မိသားစုကိုယ်စီနှင့် ဖြစ်တော့၏။ စောလယ်ဝါးသည် ဥက္ကံသား၊ စော အေးဖိုးသည် လှည်းကူးသားနှင့် စောဒေးဗစ်သည် ပျဉ်းမနားသား ဖြစ် ချေ၏။

ဆိုတော့ကာ ကျွန်တော်တို့၏ မိတ်ဆွေကြီး ဦးသင်းကြိုင်သည် ဆင်ခေါင်း ကြီးနှင့်ပတ်သက်၍ ပျဉ်းမနားသားချင်း အဖွဲ့ကျသွားပြန်တော့၏။ သည် တော့ စောဒေးဗစ် မိသားစုနှင့်ပါ တရင်းတနှီး ဖြစ်သွားပြန်ချေ၏။

သည်တွင် ဦးသင်းကြိုင် တစ်ယောက် "ရှယ်လီထွန်း"နှင့် ပတ်သက်လာ ပြန်တော့၏။

"ရှယ်လီထွန်း" ဆိုသည်မှာ စောဒေးဗစ်၏ ခယ်မ ဖြစ်ချေတော့သည်။

***